# ဖိလစ်ပိုင်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအား
# လေ့လာတင်ပြခြင်း

## လေ့လာတင်ပြသူများ


ဒေါက်တာခင်သန္တာစိုး
လက်ထောက်ညွှန်ကြားရေးမှူး
လုပ်ထုံးဌာနခွဲ

ဦးကျော်လင်းအောင်
ဦးစီးအရာရှိ
ဥပဒေဌာနခွဲ



ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်
နေရာ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# မာတိကာ

❖ နိဒါန်း
❖ နိုင်ငံ၏ပထဝီဆိုင်ရာအချက်အလက်အကျဉ်း
❖ နိုင်ငံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်း
- (က) ၁၈၉၇ ခုနှစ် Biak-na-Bato ဖွဲ့စည်းပုံအခြေခံဥပဒေ
- (ခ) ၁၈၉၉ ခုနှစ် Malolos ဖွဲ့စည်းပုံအခြေခံဥပဒေ
- (ဂ) ၁၉၃၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ
- (ဃ) ၁၉၄၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ
- (င) ၁၉၇၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ
- (စ) ၁၉၈၆ ခုနှစ် ယာယီ ဖွဲ့စည်းပုံအခြေခံဥပဒေ
- (ဆ) ၁၉၈၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

# မာတိကာ (အဆက်)

- ဖွဲ့စည်းပုံအခြေခံဥပဒေနိဒါန်း
- နိုင်ငံတော်အခြေခံမူများ
- နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ
- ဥပဒေပြုရေး
  - (က) အထက်လွှတ်တော်
  - (ခ) အောက်လွှတ်တော်
- အုပ်ချုပ်ရေး
  - (က) နိုင်ငံတော်သမ္မတ
  - (ခ) ဒုတိယသမ္မတ
- တရားစီရင်ရေး
  - (က) တရားစီရင်ရေးနှင့်ရှေ့နေများကောင်စီ
  - (ခ) တရားလွှတ်တော်ချုပ်
- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကော်မရှင်များ
- ရွေးကောက်တင်မြှောက်ခြင်း
- အရေးပေါ်အခြေအနေကြေညာခြင်း
- ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
- နိုင်ငံသားဖြစ်မှု
- နိုင်ငံသားများ၏အခွင့်အရေးနှင့်တာဝန်များ
- စွပ်စွဲပြစ်တင်ခြင်း
- သုံးသပ်ချက်
- နိဂုံး

# နိဒါန်း

❖အရှေ့တောင်အာရှရှိ ကျွန်းနိုင်ငံ

❖Unitary State

❖Written Constitution

❖ဥရောပဥပဒေ(civil law)စနစ်၊ အင်္ဂလိပ်ရိုးရာဥပဒေ (common law) စနစ်၊ ရိုးရာဓလေ့ထုံးတမ်းများ (customary usage) နှင့် အစ္စလာမ်ဘာသာရေး ဥပဒေ (Islamic law) တို့ရောနှောပါဝင်နေသော ဥပဒေစနစ်

# နိဒါန်း (အဆက်)

- ❖ စိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေးစနစ်မှ ဝန်ဆောင်မှုနှင့်ကုန်ထုတ်လုပ်မှုကိုအခြေခံ သော စီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးလျက်ရှိ
- ❖ နိုင်ငံ၏ စီးပွားရေးမှာ ကမ္ဘာပေါ်တွင် ၃၄ ခုမြောက် အကြီးဆုံးဖြစ်
- ❖ **အဓိကပို့ကုန်များ-** လျှပ်စစ်ပစ္စည်းများ၊
  - သယ်ယူပို့ဆောင်ရေးဆိုင်ရာ စက်ယန္တရားများ၊
  - အဝတ်အထည်များ၊
  - ကြွေးနီထုတ်ကုန်များ၊ ရေနံထုတ်ကုန်များ၊
  - အုန်းဆီနှင့် သစ်သီးများ

# နိုင်ငံ၏ပထဝီဆိုင်ရာအချက်အလက်အကျဉ်း

❖ အနောက် - South China Sea၊
 အရှေ့ - ဖိလစ်ပိုင်ပင်လယ်၊

❖ မြောက်- ထိုင်ဝမ်၊ အနောက်- ဗီယက်နမ်၊
 တောင်- မလေးရှားနှင့် အင်ဒိုနီးရှား

❖ အကျယ်အဝန်း-၂၉၅၆၃၃ km$^2$

❖ မြို့တော်- မနီလာ၊

❖ လူဦးရေ- ၁၁၄ သန်းကျော်

❖ ငွေကြေး- ဖိလစ်ပိုင်ပီဆို

❖ ရုံးသုံးဘာသာ- ဖိလစ်ပိုင်နှင့် အင်္ဂလိပ်



# နိုင်ငံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်း

- ၁၅၂၁ ခုနှစ်၊ Ferdinand Magellan - တွေ့ရှိ၊ စပိန်ကိုလိုနီနယ်မြေအဖြစ် ထားရှိ
- စပိန်ဘုရင် Phili II ၏ အမည်နာမကိုအစွဲပြု ခေါ်ဝေါ်ခဲ့ရာမှ ပေါ်ပေါက်လာ
- ၁၈၉၈ ခုနှစ်၊စပိန်-အမေရိကန်စစ်ပွဲဖြစ်၊ပဲရစ်စာချုပ်အရUSလက်အောက်ကျရောက်
- ၁၉၃၅ ခုနှစ်၊ US က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးအပ်
- ၁၉၃၉ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ဖြစ်၊ ဂျပန်နိုင်ငံ၏ ကျူးကျော်မှု ခံရ
- ဒုတိယကမ္ဘာ့စစ်ပြီးဆုံး US လက်အောက်သို့ ပြန်လည်ကျရောက်
- ၁၉၄၆ ခုနှစ် ဇူလိုင်လ ၄ ရက်- လွတ်လပ်ရေးရရှိ

## ဖွဲ့စည်းပုံအခြေခံဥပဒေ စုစုပေါင်း ၇ ခု -

- ၁၈၉၇ ခုနှစ် Biak-na-Bato ဖွဲ့စည်းပုံအခြေခံဥပဒေ
  (The 1897 Constitution of Biak-na-Bato)
- ၁၈၉၉ ခုနှစ် Malolos ဖွဲ့စည်းပုံအခြေခံဥပဒေ (The 1899 Malolos Constitution)
- ၁၉၃၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ
- ၁၉၄၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (ဂျပန်ကြီးစိုးကာလရေးဆွဲသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ)
- ၁၉၇၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ
- ၁၉၈၆ ခုနှစ် ယာယီ ဖွဲ့စည်းပုံအခြေခံဥပဒေ (ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေ)
- ၁၉၈၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

## ❖ (က) ၁၈၉၇ ခုနှစ် Biak-na-Bato ဖွဲ့စည်းပုံအခြေခံဥပဒေ

- ၁၈၇၂ ခုနှစ်- ဖွဲ့စည်းပုံ/ဥပဒေမူကြမ်းရေးဆွဲရန် စပိန်တို့နှင့် ဆွေးနွေး
- လက်ခံဆွေးနွေးခြင်းမရှိ၊ ကမ်းရိုးတန်းအဖွဲ့အစည်းမှ ထုတ်ပယ်
- Katipunan တော်လှန်ရေးဖြစ်ပွား
- Tejeros ညီလာခံကျင်းပ၊ Republic of Biak-na-Bato တည်ထောင်
- မူကြမ်းရေးဆွဲ၊ ၁၈၉၇ ခုနှစ် နိုဝင်ဘာလ ၁ ရက် ပြဌာန်း
- **အုပ်ချုပ်ရေး**- သမ္မတဦးဆောင်သည့် အမြင့်ဆုံးကောင်စီ (Supreme Council)၊
- **တရားစီရင်ရေး**- အမြင့်ဆုံးတရားမျှတရေးကောင်စီ(Supreme Council of Grace and Justice)၊
- **ဥပဒေပြုရေး** - ကိုယ်စားလှယ်များညီလာခံ(Assembly of the Representatives)

## ❖ (ခ) ၁၈၉၉ ခုနှစ် Malolos ဖွဲ့စည်းပုံအခြေခံဥပဒေ

- ၁၈၉၈ ခုနှစ်၊ စပိန်-အမေရိကန်စစ်ပွဲဖြစ်ပွား
- ၁၈၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် - ပဲရစ်စာချုပ်အရ US ပိုင်နယ်မြေဖြစ်
- တော်လှန်ရေးအစိုးရ- တိုင်းပြည်ပြုလွှတ်တော်ခေါ်ယူ ဖွဲ့စည်းပုံ/ဥပဒေသစ် ရေးဆွဲ
- ၁၈၉၉ ခုနှစ် ဇန်နဝါရီလ ၂၁ ရက် ထုတ်ပြန်
- Asiaတွင် ပထမဆုံးသော သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ
- ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေ
- ဥပဒေပြုရေး- လွှတ်တော်များ ဖွဲ့စည်းထား၊ ပါလီမန်သမ္မတစနစ်ပုံစံဖြစ်
- သမ္မတ- လွှတ်တော်ကိုယ်စားလှယ်အများစုဆန္ဒမဲဖြင့်ရွေးချယ်၊ သက်တမ်း ၄ နှစ်

## ❖ (ဂ) ၁၉၃၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

- Philippine Organic Act of 1902
- Philippine Autonomy Act of 1916
- Hare-Hawes-Cutting Act မူကြမ်း ၁၉၃၂ ခုနှစ် ရေးဆွဲ၊ အတည်မပြုနိုင်ခဲ့
- ၁၉၃၄ ခုနှစ်၊ Tydings – McDuffie Act ကို ထပ်မံရေးဆွဲ
- **ဖိလစ်ပိုင်ခနေသဟာရအဖွဲ့**- ၈-၂-၁၉၃၅ ရေးဆွဲခဲ့
- US သမ္မတ Roosevelt က ၂၅-၃-၁၉၃၅ အတည်ပြု
- နိုင်ငံလွတ်လပ်ရေးအတွက်ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံ/ဥပဒေ
- လွှတ်တော်တစ်ရပ်တည်းရှိသောဥပဒေပြုအဖွဲ့၊
- သမ္မတနှင့်ဒုတိယသမ္မတသက်တမ်း၆ နှစ်၊ ပြန်လည်ရွေးချယ်ခံပိုင်ခွင့်မရှိ

❖ (ဃ) ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (ဂျပန်ကြိုးစိုးကာလရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ)

- ၁၉၃၉ ခုနှစ် ဒုတိယကမ္ဘာ့စစ်ဖြစ်၊ ဂျပန် တိုက်ခိုက်သိမ်းပိုက်ခဲ့
- လွတ်လပ်ရေးရရှိရန် နှောင့်နှေးခဲ့
- ဂျပန်အစိုးရစိတ်တိုင်းကျ ဖိလစ်ပိုင်အုပ်ချုပ်ရေးကော်မတီကို ဖွဲ့စည်း
- ၁၉၄၃ခုနှစ်၊ **ဖွဲ့စည်းပုံ/ဥပဒေရေးဆွဲရေး ကော်မရှင်** ဖွဲ့စည်း- ရေးဆွဲ
- ဂျပန်အစိုးရ ရေးဆွဲခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ
- အုပ်ချုပ်ရေးအာဏာကို အမိကအားကောင်းစေရန် ရေးဆွဲထား
- လွှတ်တော်တစ်ရပ်တည်းရှိသော ဥပဒေပြုရေးစနစ်ကို ကျင့်သုံး

❖ (c) ၁၉၇၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

- ဒုတိယကမ္ဘာစစ်ပြီး US လက်အောက်သို့ ပြန်လည်ကျရောက်
- ၁၉၄၆ ခုနှစ် ဇူလိုင်လ ၄ ရက် လွတ်လပ်ရေးရ
- ၁၉၃၅ ခုနှစ် ဖွဲ့စည်းပုံ/ဥပဒေ ပြန်လည်အသက်ဝင်၊ ၁၉၇၂ ခုနှစ် ပြီးဆုံး
- ၁၉၄၆ ခုနှစ် ဧပြီလတွင် သမ္မတရွေးကောက်ပွဲကျင်းပခဲ့၊ Manuel Roxas သမ္မတဖြစ်၊
- ၁၉၆၅ ခုနှစ်မှ Ferdinand Marcos စတင်အုပ်ချုပ်ခဲ့
- ၁၉၇၃ ခုနှစ် ဖွဲ့စည်းပုံ/ဥပဒေကို ရေးဆွဲပြဋ္ဌာန်း
- ပါလီမန်စနစ်၊ သမ္မတသက်တမ်း - ၆ နှစ်၊ သက်တမ်းအကန့်အသတ်မရှိ
- လွှတ်တော် ၁ ရပ် တည်းရှိသော ဥပဒေပြုရေးစနစ်
- ၁၉၇၆၊ ၁၉၈၀၊ ၁၉၈၁ နှင့် ၁၉၈၄ ခုနှစ်များတွင် ပြင်ဆင်ခဲ့

❖ (စ) ၁၉၈၆ ခုနှစ် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ။

- Marcos – (၁၉၆၅ - ၁၉၈၆) အာဏာရှင်ဆန်သော ပြုလုပ်မှုများ ပြုလုပ်ခဲ့
- ၁၉၈၆ ခုနှစ်၊ Corazon Aquino အား သမ္မတအဖြစ် ရွေးကောက်
- Aquino က ဒီမိုကရေစီစနစ်ကို ပြန်လည်ဖော်ဆောင်ရန် နည်းလမ်း ၃ သွယ်ချပြခဲ့
- ကြေညာချက်အမှတ် ၃၊ ၂၅-၃-၁၉၈၆ ထုတ်ပြန်၊ အမြဲတမ်းတည်ရှိမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲ
- **“Freedom Constitution” ဟု ခေါ်ဆို**
- အစိုးရပုံစံ၊ ဖွဲ့စည်းတည်ဆောက်မှု၊ သေဒဏ်ချမှတ်ခြင်းကို ဖျက်သိမ်းမှု၊ Clark and Subic Bay များတွင် အမေရိကန်ရေတပ်စခန်း အခြေချထားမှု၊ စီးပွားရေးမူဝါဒများ

## ❖ (ဆ) ၁၉၈၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

- **အခြေခံဥပဒေရေးဆွဲရေးကော်မရှင်**- ရေးဆွဲ
- ၁၉၈၆ ခုနှစ် အောက်တိုဘာလ ၁၂ ရက်၊ မူကြမ်းအပြီးသတ်ခဲ့
- ၁၉၈၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြု
- အစိုးရကဏ္ဍ ၃ ရပ် -အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး ထည့်သွင်း
- **အုပ်ချုပ်ရေး**- သမ္မတနှင့် ဝန်ကြီးများအဖွဲ့က ဦးဆောင်
- အကန့်အသတ်ပြုထားသည့် လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးနိုင်
- **သမ္မတ**- စစ်အုပ်ချုပ်ရေးဥပဒေကို ထုတ်ပြန်ကြေညာနိုင်
- အခန်းပေါင်း (၁၇) ခန်း ပါဝင်

# ဖွဲ့စည်းပုံအခြေခံဥပဒေနိဒါန်း

❖ပြည်သူများသည် ဘုရားသခင်၏စောင့်ရှောက်မှုဖြင့် တရားမျှတပြီး  လူသားချင်းစာနာထောက်ထားသည့် လူအဖွဲ့အစည်းတစ်ရပ်

❖ပြည်သူများ၏ဆန္ဒနှင့်ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်မည့်အစိုးရ

❖အမျိုးသားအကျိုးစီးပွားတိုးမြှင့်စေရန်၊ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်သွားရန်နှင့် တိုးတက်စေရန်၊

❖ ဒီမိုကရေစီသဘောတရားများ ခံစားရရှိစေမည့်  ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်း

# နိုင်ငံတော်အခြေခံမူများ

- ❖ အချုပ်အခြာအာဏာနှင့် နယ်နိမိတ်တည်တံ့ခိုင်မြဲစေရေးကို အဓိကရည်မှန်းချက်ထား
- ❖ **အချုပ်အခြာအာဏာ**- ပြည်သူတို့ထံ၌တည်ရှိ
- ❖ နိုင်ငံတော်နှင့် ဘုရားကျောင်းများကို သီးသန့်ထား (Secular State)
- ❖ **နိုင်ငံခြားရေးမူဝါဒ** - လွတ်လပ်သည့် နိုင်ငံခြားရေးမူဝါဒ
- ❖ နိုင်ငံ၏အမျိုးသားရေး မျက်နှာစာတိုင်းတွင် လူမှုတရားမျှတမှုကို မြှင့်တင်ရန်
- ❖ **နိုင်ငံတွင်း တပ်ချခွင့်**- 1991 US & Philippines Agreement စာချုပ်သက်တမ်းကုန်ဆုံး၊

  - လွှတ်တော်က အတည်ပြု၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၊

  - ပြည်သူအများစုထောက်ခံရန် လိုအပ်

# နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ

- ဒီမိုကရေစီစနစ်ကျင့်သုံးသည့် သမ္မတနိုင်ငံ
- Unitary State (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများထားရှိ)
- ဥပဒေပြုရေးအာဏာ- အထက်လွှတ်တော်၊ အောက်လွှတ်တော်
- အုပ်ချုပ်ရေးအာဏာ- နိုင်ငံတော်သမ္မတ၊ ဒုသမ္မတဦးဆောင်သော အုပ်ချုပ်ရေးအဖွဲ့
- တရားစီရင်ရေးအာဏာ- တရားလွှတ်တော်ချုပ်၊ တရားရုံးအဆင့်ဆင့်
- နိုင်ငံတော်သမ္မတ- နိုင်ငံတော်အကြီးအကဲ၊ အုပ်ချုပ်ရေးဆိုင်ရာအကြီးအကဲ

# ဥပဒေပြုရေး

- ဥပဒေပြုခြင်း
- စစ်ကြေညာခြင်း

ဥပဒေပြုလွှတ်တော်
(Congress) ၂၇၄ ဦး

အထက်လွှတ်တော်
(Senate) ၂၄ ဦး

အောက်လွှတ်တော်
(House of Representatives)
၂၅၀ ဦး

# (က) အထက်လွှတ်တော်

❖ ကိုယ်စားလှယ် ၂၄ ဦး

❖ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ဥပဒေနှင့်အညီ ရွေးချယ်

❖ ရာထူးသက်တမ်း- ၆ နှစ်

❖ တစ်ဆက်တစ်စပ်တည်း ၂ ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခွင့် မရှိ

❖ **စာချုပ်များ၊ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များ**- တရားဝင်ခိုင်မာမှုရှိ မရှိ၊ အကျိုးသက်ရောက်မှု ရှိ မရှိ အနည်းဆုံး အထက်လွှတ်တော် ကိုယ်စားလှယ် ၃ ပုံ ၂ ပုံ ၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်

# (ခ) အောက်လွှတ်တော်

❖ ကိုယ်စားလှယ် ၂၅၀ ဦး

❖ စီရင်စုများ၊ မြို့များ၊ ပြည်နယ်များ၊ ခရိုင်များမှ ဥပဒေနှင့်အညီမှတ်ပုံတင်ထားသော ပါတီစာရင်းပေါ်အခြေခံသည့် စနစ်ရွေးချယ်

❖ အလုပ်သမား၊ တောင်သူလယ်သမား၊ ဆင်းရဲနွမ်းပါးသူ၊ တိုင်းရင်းသားအဖွဲ့စည်းများ၊ အမျိုးသမီးများ၊ လူငယ်များနှင့် ဘာသာရေးကဏ္ဍမှတစ်ပါး အခြားကဏ္ဍများ

❖ ရာထူးသက်တမ်း- ၃ နှစ်၊

❖ တစ်ဆက်တစ်စပ်တည်း ၃ ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခွင့်မရှိ

# ရွေးချယ်ရေးခုံအဖွဲ့ (Electoral Tribunal)

❖ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်- အဖွဲ့တစ်ဖွဲ့စီ ထားရှိ

❖ လွှတ်တော်ကိုယ်စားလှယ်အရည်အချင်း၊ကိုယ်စားလှယ်အဖြစ်မှပြန်လည်ရုပ်သိမ်းခြင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးပိုင်ခွင့်ရှိ

❖ တရားလွှတ်တော်ချုပ်တရားသူကြီး ၃ ဦး + အထက် (သို့) အောက်လွှတ်တော်ကိုယ်စားလှယ် ၆ ဦး = အဖွဲ့ဝင် ၉ ဦး

❖ ဥက္ကဋ္ဌ- လုပ်သက်ရင့်သည့် တရားသူကြီး (The senior Justice) က ဆောင်ရွက်ရ

# ခန့်အပ်ရေးကော်မရှင် (Commission on Appointments)

❖ရာထူးခန့်အပ်ရေးကိစ္စရပ်များအားလုံးကို ဆောင်ရွက်နိုင်ရန်

❖အထက်လွှတ်တော်ဥက္ကဋ္ဌက ရာထူးအရ ဥက္ကဋ္ဌ၊ အထက်လွှတ်တော် နှင့် အောက်လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးစီ

❖**ဥက္ကဋ္ဌ**- ဆန္ဒမဲအရေအတွက် တူညီသည့်အခါမှတစ်ပါး ဆန္ဒမဲပေးပိုင်ခွင့် မရှိ

❖**ဆုံးဖြတ်ချက်**- အဖွဲ့ဝင်များ၏ များရာဆန္ဒမဲဖြင့် ချမှတ်

# အုပ်ချုပ်ရေး

## (က) နိုင်ငံတော်သမ္မတ -



Bongbong Marcos

- နိုင်ငံတော်အကြီးအကဲ၊ အုပ်ချုပ်ရေးအကြီးအကဲ
- ကာကွယ်ရေးဦးစီးချုပ်
- ပြည်သူများက တိုက်ရိုက်ဆန္ဒမဲပေး ရွေးချယ်
- ရာထူးသက်တမ်း ၆ နှစ်၊ ပြန်လည်ရွေးကောက်ခံပိုင်ခွင့်မရှိ
- နိုင်ငံတော်အကြီးအကဲများ ခန့်အပ်ခြင်း
- ဥပဒေပြုလွှတ်တော် အထူးအစည်းအဝေး ခေါ်ယူကျင်းပခြင်း
- ပြစ်ဒဏ်လျှော့ပေါ့၊ ရွှေ့ဆိုင်းခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ပေး
- နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း

# (ခ) ဒုတိယသမ္မတ-




Sara Duterte

- သမ္မတအဖြစ်ရွေးချယ်ရန် သတ်မှတ်အရည်အချင်း ပြည့်စုံသူများ
- သမ္မတ ရွေးချယ်သည့် နည်းလမ်းအတိုင်း ရွေးချယ်
- ရာထူးသက်တမ်း- ၆ နှစ်
- တစ်ဆက်တည်း ၂ ကြိမ်ထက် ပို၍ ထမ်းဆောင်ခွင့် မရှိ

# တရားစီရင်ရေး

- ❖ **တရားလွှတ်တော်ချုပ်နှင့် ဥပဒေအရ တည်ထောင်သည့်တရားရုံးများ**
  - ❖ ဥပဒေအရပေးအပ်ထားသည့် အခွင့်အရေးများကိုတောင်းဆိုသည့်ကိစ္စရပ်များ အပါအဝင် အငြင်းပွားမှုများ
  - ❖ အစိုးရအဖွဲ့အစည်းတစ်ခုခုမှ လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်သုံးစွဲခြင်း (သို့) ကျင့်သုံးမှုမရှိခြင်းကြောင့် ပေါ်ပေါက်လာသည့် အလွဲသုံးစားပြုမှုများ ဆုံးဖြတ်ပိုင်ခွင့်ရှိ

# တရားရုံးဖွဲ့စည်းပုံ


Supreme Court
Sandiganbayan
Court of Tax Appeal
Court of Appeal
Regional Trial Courts
Shari’a District Courts
Metropolitan Trial Courts
Metropolitan Trial Courts In Cities
Municipal Trial Courts
Municipal Circuit Trial Courts
Shari’a Circuit Courts

# (က) တရားစီရင်ရေးနှင့် ရှေ့နေများကောင်စီ (A Judicial and Bar Council)

- တရားသူကြီးချုပ်၊ တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ အခြားတရားရုံး တရားသူကြီးများ ခန့်အပ်နိုင်ရန်အတွက်ရွေးချယ်၍ အမည်စာရင်း တင်သွင်း
- တရားသူကြီးချုပ် (ဥက္ကဋ္ဌ)၊ တရားလွှတ်တော်ချုပ်စာရေး (အတွင်းရေးမှူး)၊ လွှတ်တော်ကိုယ်စားလှယ် ၁ ဦး၊ ရှေ့နေများအသင်းမှ အဖွဲ့ဝင် ၁ ဦး၊ ဥပဒေ ပါမောက္ခ ၁ ဦး၊ တရားလွှတ်တော်ချုပ်တရားသူကြီး (ငြိမ်း) ၁ ဦး၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ် ၁ ဦး
- ခန့်အပ်ရေးကော်မရှင်၏ သဘောတူညီချက်ဖြင့် သမ္မတက ခန့်အပ်
- ရာထူးသက်တမ်း - ၄ နှစ်

# (ခ) တရားလွှတ်တော်ချုပ်

❖ တရားသူကြီးချုပ်နှင့် တရားသူကြီး ၁၄ ဦး ပါဝင်

❖ ဖိလစ်ပိုင်သမ္မတနိုင်ငံတွင် မွေးဖွားသည့် ဖိလစ်ပိုင်နိုင်ငံသားများ

❖ အသက် ၄၀ နှစ် ပြည့်ပြီးသူ၊

❖ လုပ်သက် ၁၅ နှစ် သို့မဟုတ် ၁၅ နှစ်အထက် အောက်တရားရုံးများတွင်တရားသူကြီး အဖြစ် လုပ်ကိုင်ခဲ့ဖူးသူ သို့မဟုတ် ဥပဒေနယ်ပယ်တွင် လက်တွေ့လုပ်ကိုင်ဖူးသူ

❖ **တရားစီရင်ရေးနှင့်ရှေ့နေများကောင်စီ-** အမည်စာရင်းတင်သွင်း

❖ သမ္မတ- ခန့်အပ်

❖ အသက် ၇၀ နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်နိုင်

## တရားလွှတ်တော်ချုပ်၏ စီရင်ပိုင်ခွင့်အာဏာများမှာ-

❖ သံအမတ်များ၊ ဝန်ကြီးများ၊ ကောင်စစ်ဝန်များနှင့်သက်ဆိုင်သည့်အမှုများ၊ စာချွန်တော် လျှောက်ထားသည့်အမှုများအပေါ် မူလစီရင်ပိုင်ခွင့်ရှိခြင်း၊

❖ စာချုပ်များ၊ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များ၊ ဥပဒေများ၊သမ္မတထုတ်ပြန်သည့်အမိန့်များ၊ ထုတ်ပြန်ကြေညာချက်များ၊ အမိန့်ညွှန်ကြားချက်များ၊ ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်များ၊ စည်းမျဉ်းစည်းကမ်းများ- ဖွဲ့စည်းပုံ/ဥပဒေနှင့် ညီညွတ်မှုရှိ မရှိ၊ တရားဝင် ခိုင်မာမှုရှိ မရှိ

❖ အခွန်အခများ၊ အခွန်စည်းကျပ်ခြင်း၊ အခွန်နှုန်းထားသတ်မှတ်ခြင်း၊ လမ်းတံတား ဖြတ်သန်းခ၊ ပြစ်ဒဏ်ချမှတ်ခြင်းတို့သည် ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ

## ❖ အောက်တရားရုံးများက စီရင်ပိုင်ခွင့်ရှိသည့်ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုများ

❖ တစ်ကျွန်းထောင်ဒဏ်နှင့် ထိုထက်ပိုသည့် ထောင်ဒဏ်များချမှတ်ခြင်းနှင့်စပ်လျဉ်းသည့် ပြစ်မှုဆိုင်ရာကိစ္စရပ်များ၊

❖ မှားယွင်းမှု သို့မဟုတ် ဥပဒေဆိုင်ရာပြဿနာရပ်များ ပေါ်ပေါက်သော အမှုများ

❖ အောက်ရုံးတရားသူကြီးတစ်ဦးကို အများပြည်သူအကျိုးစီးပွားအတွက် ဌာနတစ်ခုခုတွင် ယာယီခန့်အပ်ခြင်း၊ (တရားသူကြီး၏သဘောဆန္ဒမပါဘဲ ၆ လထက် မပိုရ)

❖ တရားမျှတမှုမရှိခြင်းကို ရှောင်ရှားနိုင်ရန်အတွက် အမှုစစ်ဆေးသည့်နေရာ (သို့) ရုံးထိုင်ရာနေရာ ပြောင်းလဲသည့် အမိန့်ချမှတ်ခြင်း

- ဖွဲ့စည်းပုံ/ဆိုင်ရာအခွင့်အရေးများကို အတည်ဖြစ်စေခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ တရားရုံးများ၏ အမှုတင်သွင်းခြင်း၊ ကျင့်ထုံးများနှင့်လုပ်ထုံးလုပ်နည်းများ၊ အမှုလက်ခံခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ရှေ့နေအသင်းဖွဲ့စည်းခြင်း၊ ဥပဒေအထောက်အကူပေးခြင်းတို့နှင့် စပ်လျဉ်းသည့် နည်းဥပဒေများ ထုတ်ပြန်ခြင်း၊
- တရားရေးဝန်ထမ်းများအား ဝန်ထမ်းနည်းဥပဒေများနှင့် အညီ ခန့်အပ်ခြင်း။
- သမ္မတ (သို့) ဒုသမ္မတများ၏အရည်အချင်းများ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အငြင်းပွားမှုများ အဆုံးအဖြတ်ပေးခြင်း
- စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန် - ပြန်လည်သုံးသပ်နိုင်ခွင့် အခွင့်အာဏာရှိ
- နှစ်စဉ်အစီရင်ခံစာရေးသား၍ သမ္မတနှင့်ဥပဒေပြုလွှတ်တော်တို့ထံသို့ အစီရင်ခံစာတင်သွင်း

# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကော်မရှင်များ

❖ နိုင်ငံ့ဝန်ထမ်းကော်မရှင် (the Civil Service Commission)

❖ ရွေးကောက်ပွဲကော်မရှင်များ (the Commission on Elections)

❖ စာရင်းစစ်ဆေးရေးကော်မရှင် (the Commission on Audit)

❖ လွတ်လပ်စွာဆောင်ရွက်နိုင်

❖ **အငြင်းပွားမှု**-ရက်ပေါင်း ၆၀ အတွင်း အဖွဲ့ဝင်အများစု၏ထောက်ခံမဲဖြင့် ဆုံးဖြတ်

❖ တရားလွှတ်တော်ချုပ်သို့ ရက်ပေါင်း ၃၀ အတွင်း **စာချွန်တော်လျှောက်ထားခွင့်ရှိ**

❖ နှစ်စဉ်အစီရင်ခံစာ- နိုင်ငံတော်သမ္မတနှင့် ဥပဒေပြုလွှတ်တော်သို့ တင်သွင်း

# ရွေးကောက်တင်မြှောက်ခြင်း

- ❖ ရွေးကောက်ပွဲများ လွတ်လပ်၍တရားမျှတစေရန်
- ❖ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၆ ဦး ပါဝင်
- ❖ **ဥက္ကဋ္ဌ-** ရှေ့နေများအသင်းတွင် ဥပဒေပညာရပ်ဖြင့် အနည်းဆုံး ၁၀ နှစ်ကြာ လုပ်ကိုင်ခဲ့ဖူးသူ
- ❖ ခန့်အပ်ရေးကော်မရှင်၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတက ခန့်အပ်
- ❖ ရာထူးသက်တမ်း ၇ နှစ်၊
- ❖ ပြန်လည်ရွေးချယ်ခံပိုင်ခွင့် မရှိ

# ရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းတာဝန်များ-

- ❖ ရွေးကောက်ပွဲ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၊ အထွေထွေရွေးကောက်ပွဲများ ကျင်းပရန် စတင်ဆောင်ရွက်ခြင်းနှင့်ကျင်းပခြင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်းခြင်းတို့နှင့် စပ်လျဉ်းသည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊
- ❖ ဒေသများ၊ မြို့နယ်များနှင့်မြို့များမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အရည်အချင်းများ၊ မဲပေးပိုင်ခွင့်ပြန်လည်ရုပ်သိမ်းခြင်းနှင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာကိစ္စရပ်
- ❖ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်း

- မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ ကိုယ်စားလှယ်အရေအတွက် သတ်မှတ်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်သည့်အရာထမ်းများ၊ စောင့်ကြည့်လေ့လာသူများ၊ ဆန္ဒမဲပေးရန် မှတ်ပုံတင်ခြင်း
- ဆန္ဒမဲပေးခွင့်ရှိသူ- နိုင်ငံသားဖြစ်၊ အသက် ၁၈ နှစ် ပြည့်ပြီးသူ၊ နိုင်ငံတွင် အနည်းဆုံး ၁ နှစ်ကြာ နေထိုင်ခဲ့သူ၊ ဆန္ဒမဲပေးမည့် မဲဆန္ဒနယ်တွင် ၆ လ နေထိုင်ခဲ့သူ
- ကော်မရှင်၏ဆုံးဖြတ်ချက်- Final
- တရားလွှတ်တော်ချုပ်သို့ စာချွန်တော်လျှောက်ထားနိုင်

# နိုင်ငံ၏အရေးပေါ်အခြေအနေ

❖ နိုင်ငံတော်လုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း၊ စီးပွားရေးဆိုင်ရာ ပဋိပက္ခများဖြစ်ပွားခြင်း

❖ ကျူးကျော်ဝင်ရောက်မှုခံရခြင်း (သို့) ပုန်ကန်မှုဖြစ်ပွားခြင်း (သို့) ဥပဒေမဲ့အကြမ်းဖက်ပြုလုပ်မှုတို့ကို နှိမ်နင်းရန်၊ အများပြည်သူ၏လုံခြုံရေးကိုကာကွယ်ရန်

❖ **နိုင်ငံတော်သမ္မတ-** ကြေညာနိုင်

- (လွှတ်တော် ကျင်းပ) ၄၈ နာရီအတွင်း လွှတ်တော်သို့ အစီရင်ခံ
- (လွှတ်တော် ရပ်နား) ၂၄ နာရီအတွင်း လွှတ်တော်အထူးအစည်း အဝေးခေါ်ယူ

# နိုင်ငံ၏အရေးပေါ်အခြေအနေ

❖ဥပဒေပြုလွှတ်တော် -

- ကိုယ်စားလှယ်အများစုထောက်ခံဆန္ဒမဲဖြင့် ရုပ်သိမ်းခြင်း (သို့) ရုပ်ဆိုင်းခြင်း
- လိုအပ်သည့်အာဏာများကို ကျင့်သုံးနိုင်ရန်၊ နိုင်ငံတော်မူဝါဒများကို သင့်လျော်သလို ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတထံသို့ အာဏာအပ်နှင်း

❖တရားလွှတ်တော်ချုပ်- စစ်အုပ်ချုပ်ရေး ဥပဒေထုတ်ပြန်ကြေညာရန် လုံလောက်သော အခြေအနေရှိ မရှိ၊ ရှေ့တော်သွင်းစာချွန်တော်လျှောက်ထားခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းတို့ကို ပြန်လည်သုံးသပ်နိုင်ခွင့် အခွင့်အာဏာရှိ

# နိုင်ငံ၏အရေးပေါ်အခြေအနေ

- ❖ **ဖွဲ့စည်းပုံ/ဥပဒေ-** ရပ်ဆိုင်းခြင်းမရှိ၊တရားရုံးများ (သို့) ဥပဒေပြုရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို အစားထိုးကျင့်သုံးနိုင်ခြင်း မရှိ
- ❖ အရပ်ဘက်တရားရုံးများ၏ လုပ်ပိုင်ခွင့်များကို စစ်တရားရုံးများသို့ အပ်နှင်းခွင့် မရှိ
- ❖ စာချွန်တော်လျှောက်ထားခွင့်ကို အလိုအလျောက် ရပ်စဲခွင့်မရှိ
- ❖ **အများသူငှာအကျိုးစီးပွားကို သက်ရောက်မှုရှိသောလုပ်ငန်းများ (သို့) ပုဂ္ဂလိကပိုင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ-** နိုင်ငံတော်က တိုက်ရိုက်လုပ်ကိုင်ခြင်း (သို့) ယာယီ လွှဲပြောင်း လုပ်ကိုင်ခြင်း

# ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း

- ❖ လွှတ်တော်ကိုယ်စားလှယ် ၄ ပုံ ၃ ပုံ (သို့မဟုတ်)
- ❖ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူစုစုပေါင်း၏ အနည်းဆုံး ၁၂ ရာခိုင်နှုန်းရှိသော ပြည်သူများ (သို့)
- ❖ ခရိုင်တိုင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင် အနည်းဆုံး ၃ ရာခိုင်နှုန်း
- ❖ ကိုယ်စားလှယ်များက တင်သွင်းသည့်အဆို-
  - ▪ လွှတ်တော်ကိုယ်စားလှယ် ၃ ပုံ ၂ ပုံ၏ ထောက်ခံဆန္ဒမဲဖြင့် ဆုံးဖြတ်နိုင်
  - ▪ ဥပဒေကြမ်းအား အတည်ပြုပြီးနောက် ရက်ပေါင်း ၆၀ မှ ၉၀ အတွင်း
  - ▪ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၊ မဲဆန္ဒရှင်အများစုထောက်ခံဆန္ဒမဲ လို

❖ မဲဆန္ဒရှင်များကတင်သွင်းသည့်အဆို-

- လွှတ်တော်ကိုယ်စားလှယ်အများစု၏ ထောက်ခံဆန္ဒမဲဖြင့် ဆုံးဖြတ်နိုင်
- ရွေး/ကော်က ပြည့်စုံသည့်တင်သွင်းလွှာဖြစ်ကြောင်း လက်မှတ်ထုတ်ပေးပြီးနောက်
- ရက်ပေါင်း ၆၀ မှ ၉၀ အတွင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ
- မဲဆန္ဒရှင်များ၏ အများစု ထောက်ခံဆန္ဒမဲ လို

❖ပြင်ဆင်ရန်ခက်ခဲသော ဖွဲ့စည်းပုံအခြေခံဥပဒေ (Rigid Constitution)

# ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

- Muslim Mindanao နှင့် Cordilleras
- ဒေသန္တရအစိုးရများ ထားရှိ
- ဒေသန္တရအစိုးရများ- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ မဲဆန္ဒရှင်များက
- ဥပဒေပြုရေး- ဥပဒေပြုရေးလွှတ်တော် (Legislative Assembly)
- အုပ်ချုပ်ရေး - အုပ်ချုပ်ရေးအဖွဲ့
- တရားစီရင်ရေး- အထူးတရားရုံးများရှိ
- ဒေသအတွင်း တည်ငြိမ်အေးချမ်းရေး- ဒေသဆိုင်ရာရဲတပ်ဖွဲ့ကို ဖွဲ့စည်း
- ကာကွယ်ရေးနှင့်လုံခြုံရေး- အမျိုးသားအစိုးရက တာဝန်ယူ

# ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဥပဒေပြုပိုင်ခွင့်-

- အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ အခွန်ဘဏ္ဍာအရင်းအမြစ်များ စီမံခန့်ခွဲခြင်း၊
- ဘိုးဘွားပိုင်နှင့် သဘာဝသယံဇာတများ၊ ပုဂ္ဂိုလ်ရေး၊ မိသားစုဆိုင်ရာကိစ္စရပ်များ၊
- ပစ္စည်းပိုင်ဆိုင်မှုဆိုင်ရာကိစ္စရပ်များ၊
- ဒေသတွင်း မြို့ပြနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊
- စီးပွားရေး၊ လူမှုရေးနှင့်ခရီးသွားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊
- ပညာရေးမူဝါဒများ၊
- ယဉ်ကျေးမှု အမွေအနှစ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
- ပြည်သူများ၏စားဝတ်နေရေးသက်သာချောင်ချိရေးတိုးမြှင့်စေရန် ဥပဒေအရသတ်မှတ်ထားသည့် ကိစ္စရပ်များ

# နိုင်ငံသားဖြစ်မှု

❖ ၁၉၈၇ခုနှစ်၊ဖွဲ့စည်းပုံ/ဥပဒေအာဏာတည်ချိန်၌ ဖိလစ်ပိုင်နိုင်ငံသားဖြစ်ပြီးသူဖြစ်ခြင်း

❖ မိခင် သို့မဟုတ် ဖခင်သည် ဖိလစ်ပိုင်နိုင်ငံသားဖြစ်ခြင်း

❖ ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့ မတိုင်မီ ဖိလစ်ပိုင်နိုင်ငံသားမိခင်မှ မွေးဖွားသူဖြစ်ပြီး အသက်အရွယ်ရောက်ပြီး ဖိလစ်ပိုင်နိုင်ငံသားအဖြစ် ရွေးချယ်သူဖြစ်ခြင်း

❖ ဥပဒေနဲ့အညီ နိုင်ငံသားပြုခွင့်ရရှိထားသူဖြစ်ခြင်း

❖ ဖိလစ်ပိုင်နိုင်ငံတွင် မွေးဖွားသူ - နိုင်ငံသားဖြစ်

❖ အမျိုးသားအကျိုးစီးပွားကို မထိခိုက်စေဘဲ ဥပဒေအရ နိုင်ငံ ၂ နိုင်ငံ၏ နိုင်ငံသားအဖြစ်ခံယူခြင်းကို ခွင့်ပြု

# နိုင်ငံသားများ၏ အခွင့်အရေးနှင့်တာဝန်များ

❖ နိုင်ငံတော်အစိုးရ၏ အဓိကတာဝန်- ပြည်သူများကို ကာကွယ်စောင့်ရှောက်ရန်

❖ ပြည်သူများ၏တာဝန် - နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်ပါက ပြည်သူများအား တပ်မတော် (သို့) အရပ်ဘက်အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်

❖ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်၊ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်၊ ဥပဒေ၏တန်းတူညီမျှအကာအကွယ်ပေးမှုကို ဥပဒေနှင့်အညီခံစားခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်၊ နစ်နာမှုအတွက် အစိုးရထံတွင်လျှော်ကြေးတောင်းဆိုပိုင်ခွင့် ...

# နိုင်ငံသားများ၏ အခွင့်အရေးနှင့်တာဝန်များ

- ❖ ရက်စက်ကြမ်းကြုတ်သော၊ လူ့ဂုဏ်သိက္ခာညှိုးနွမ်းသေးသိမ်စေသော၊ အရှက်ရစေသော၊ လူမဆန်သောပြစ်ဒဏ်များ ချမှတ်ခြင်းမပြုရ
- ❖ သေဒဏ်ချမှတ်ခြင်းမပြုရ
- ❖ နိုင်ငံသားအခွင့်အရေးများကို ချိုးဖောက်ခြင်းခံရပါက စာချွန်တော် လျှောက်ထားခွင့်ရှိ၊ အရေးပေါ်အခြေအနေ ဖြစ်ပေါ်နေချိန်၌ ရှေ့တော်သွင်းစာချွန်တော်လျှောက်ထားခွင့်မရှိ
- ❖ နိုင်ငံတော်တည်ဆောက်ရေး-လူငယ်များ၊ အမျိုးသမီးများ ပါဝင်စေခြင်း

# စွပ်စွဲပြစ်တင်ခြင်း

❖ သမ္မတ၊ ဒုတိယသမ္မတ၊ တရားလွှတ်တော်ချုပ်တရားသူကြီးများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကော်မရှင် အဖွဲ့ဝင်များ၊ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာသည့် ပုဂ္ဂိုလ်/ အဖွဲ့အစည်း

❖ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်ပုန်ကန်မှု၊အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု၊ အကျင့်ပျက်ခြစားမှု၊ ကြီးလေးသောပြစ်မှုများ၊ အများပြည်သူယုံကြည်မှုကို ပျက်ပြားစေသည့်ပြစ်မှုများ ကျူးလွန်

❖ **တင်သွင်းခွင့်ရှိသူများမှာ -**

- အောက်လွှတ်တော် ကိုယ်စားလှယ် တစ်ဦးဦး၊
- လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး၏ ထောက်ခံချက်ဖြင့် နိုင်ငံသားတစ်ဦးဦး၊
- အောက်လွှတ်တော် ကိုယ်စားလှယ် အနည်းဆုံး ၃ ပုံ ၁ ပုံ

# စွပ်စွဲပြစ်တင်ခြင်း

❖ အောက်လွှတ်တော်၌သာ စတင်တင်သွင်းခွင့်ရှိ

- ကိုယ်စားလှယ်စုစုပေါင်း၏ ၃ ပုံ ၂ ပုံ အတည်ပြုပါက အထက်လွှတ်တော်သို့ ပေးပို့

❖ အထက်လွှတ်တော် - စစ်ဆေးဆုံးဖြတ်နိုင်သော အာဏာရှိ

- သမ္မတအားစစ်ဆေး-တရားသူကြီးချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၊ ဆန္ဒမဲပေးခွင့်မရှိ
- ကိုယ်စားလှယ် ၃ ပုံ ၂ ပုံ သဘောတူညီချက်ဖြင့် ပြစ်ဒဏ်ချမှတ်
- ရာထူးမှဖယ်ရှားခြင်းနှင့် အခြားရာထူး နေရာတစ်ခုခုတွင် ခန့်အပ်ရန် အရည်အချင်း မပြည့်မီကြောင်း ပြစ်ဒဏ်ချမှတ်နိုင်
- တရားရုံး- တရားစွဲဆိုခြင်း၊ စစ်ဆေးခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်း ဆောင်ရွက်ခွင့်ရှိ

# သုံးသပ်ချက်

❖ နိုင်ငံတည်ဆောက်ပုံ-

- တစ်ပြည်ထောင်နိုင်ငံဖြစ်၊ ဗဟိုချုပ်ကိုင်မှုလျော့ချ၊ ဖက်ဒရယ်မူသဘောတရားများရှိ

❖ နိုင်ငံ၏ဥပဒေပြုရေးစနစ်- ဥရောပဥပဒေစနစ်၊ အင်္ဂလိပ်ရိုးရာဥပဒေစနစ်၊ ရိုးရာဓလေ့ထုံးတမ်းများနှင့် အစ္စလာမ်ဘာသာရေးဥပဒေတို့ ရောနှောပါဝင်နေသည့် ဥပဒေစနစ်ကိုကျင့်သုံးသော်လည်း ပြည်သူများအား စာချွန်တော်လျှောက်ထားခွင့်များ ပေးအပ်ထားသည့်အတွက် အင်္ဂလိပ်ရိုးရာဥပဒေစနစ်ကို (common law System) အလေးပေးထား

❖ နိုင်ငံ၏အချုပ်အခြာအာဏာကျင့်သုံးခြင်း-

- ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင် ၃ ရပ်ခွဲခြား၊
- ဟန်ချက်ညီညီ ကျင့်သုံး၊ အပြန်အလှန်ထိန်းကျောင်းမှုပြု

# သုံးသပ်ချက်

❖ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း-

- ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ် ၄ ပုံ ၃ ပုံ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများတင်သွင်း
- ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၊ မဲဆန္ဒရှင်များ၏ အများစုထောက်ခံချက်ဖြင့် ပြင်ဆင်
- ပြင်ဆင်ရန်ခက်ခဲသော ဖွဲ့စည်းပုံအခြေခံဥပဒေ (Rigid Constitution)

❖ လူသားများ၏ဂုဏ်သိက္ခာကိုတန်ဖိုးထား၊ လူ့အခွင့်အရေးများကိုလေးစားလိုက်နာသည့်နိုင်ငံ

❖ နိုင်ငံတော်တည်ဆောက်မှုတွင် လူငယ်များနှင့် အမျိုးသမီးများလည်း ပါဝင်စေ

❖ နိုင်ငံသားများ၏အခွင့်အရေးများကို အပြည့်အဝပေးအပ်ထား၊ တရားဥပဒေစိုးမိုးရေးကို အခြေခံသည့်နိုင်ငံ

# သုံးသပ်ချက်

- ❖ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ပေးအပ်ထား၊ နိုင်ငံတော်နှင့်ဘုရားကျောင်းများကို ခွဲခြားထား Secular State
- ❖ နိုင်ငံသားများအား အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို တူညီစွာအပ်နှင်းထားသော်လည်း ဖိလစ်ပိုင်နိုင်ငံတွင်မွေးဖွားသည့် ဖိလစ်ပိုင်နိုင်ငံသားများအား ပိုမိုအလေးပေးထား
- ❖ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ခြင်း၊ နိုင်ငံတော်အကြီးအကဲများအား စွပ်စွဲပြစ်တင်ခြင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများက စတင်အဆိုတင်သွင်းခွင့်ရှိ
- ❖ နိုင်ငံအချုပ်အခြာအာဏာ၏ မူလပိုင်ရှင်များဖြစ်သည့် ပြည်သူများအား နိုင်ငံတော်အာဏာကို ကျင့်သုံးခွင့်ပေးထား

# နိဂုံး

- ကျွန်းနိုင်ငံဖြစ်၊ ကိုလိုနီနိုင်ငံအဖြစ်မှလွတ်လပ်ရေးရရှိရန် ကြိုးပမ်းခဲ့ကြပုံ၊
- နိုင်ငံအတွက်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၇ ခုကို ရေးဆွဲခဲ့ရပုံ
- Unitary State ဖြစ်သော်လည်း Federal မူများထည့်သွင်း၍ ဖန်တီးပုံဖော်ထား
- နိုင်ငံသားများ၏ အခွင့်အရေးများကို အလေးထား
- နိုင်ငံတော်အာဏာကို မဏ္ဍိုင် ၃ ရပ် ခွဲခြားအပ်နှင်းထားပြီး အချင်းချင်းအပြန်အလှန် ထိန်းကြောင်းမှုပြု
- **နိုင်ငံခြားတပ်ဖွဲ့များတပ်ချခွင့်ပြုခြင်း-** ဥပဒေပြုလွှတ်တော်ကအတည်ပြုပြီးသောအခါ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ အတည်ပြုခြင်းဖြင့် နိုင်ငံရှိပြည်သူများ၏ သဘောဆန္ဒကို အလေးအမြတ်ပြု


Thank you


TIME FOR QUESTIONS